**BUFFALO PUBLIC SCHOOLS**
**Office of the Superintendent**
**65 Niagara Square Room #712 City Hall**
**Buffalo, New York 14202**
**ဖုန်း (716) 816-3575**
**စာပို့ဖုန်း (716) 851-3033**
**TMWilliams@buffaloschools.org**

**Dr. Tonja M. Williams**
စာသင်ကျောင်းများယာယီကြီးကြပ်ရေးမှူး

မေလ ၂၆ ရက် ၂၀၂၂
စာသင်ကျောင်းများယာယီကြီးကြပ်ရေးမှူး

မေလ ၂၆ ရက် ၂၀၂၂

ချစ်ခင်ရပါသော ဘတ်ဖလိုပြည်သူဆိုင်ရာကျောင်းအဖွဲ့များ

ကျွန်တော်တို့၏ ကျောင်းသား/သူများ၊ သင်ကြားရေးဆိုင်ရာ ဆရာ/ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ လုံခြုံရေးမှာ ကျွန်တော်တို့၏အရေးကြီးဆုံးအပိုင်းကဏ္ဍဖြစ်ပါသည်။ ကျွန်တော်တို့၏ ကျောင်းနှင့်ဆိုင်သော အသိုင်းအဝိုင်း လုံခြုံရန်အတွက် ကျွန်တော်တို့ နည်းမျိုးစုံဖြင့် ဆောင်ရွက်နေပါသည်။

ကျောင်းအတွင်းလုံခြုံရေးနှင့် ပါတ်သက်ပြီး သင်တို့လွန်စွာစိုးရိမ်မကင်းဖြစ်နေသည်ကို ကျွန်တော်တို့ ကြားသိရကြောင်း သင်တို့ကို သိစေချင်ပါသည်။ အချက်အလက်များစွာကို ချင့်ချိန်ထည့်ထွက်ပြီး ကျွန်တော်တို့သည် ကျောင်းအဆောက်အအုံအတွင်း လုံခြုံရေးကို တိုးမြှင့်တည်ဆောက်ရန် လိုအပ်ချက်များရှိသည်ကို သိရှိပါသည်။ ကျွန်တော်တို့ အသိုင်းအဝိုင်းတွင် များစွာသောအကြောင်းများကြောင့် ကြောက်ရွံ့မှုများ၊ စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။ ကိုဗစ်နိုင်တင်း ကူးစက်မှုနှုန်း မြန်ဆန်နေခြင်း၊ လူမှုကွန်ယက်ပေါ်မှ မြောက်မြားလှစွာသော စိတ်တုန်လှုပ်ဖွယ်ရာ အကြောင်းအရာများ၊ မကြာသေးမီက ဂျက်ဖာဆန်ရိပ်သာလမ်းတွင် ဖြစ်ပွားခဲ့သော လူမျိုးမုန်းတီးရေးလှုပ်ရှားခြင်းဆန်သော လူအစုလိုက် အသတ်ခံရခြင်းနှင့် တက္ကဆပ်ပြည်နယ် ယူဝါဒီးမြို့ အခြေခံပညာကျောင်းတွင်ဖြစ်ပွါးခဲ့သော သေနတ်ပတ်ခတ်ခြင်းတွင် အဓိပ္ပါယ်မဲ့စွာဖြင့် ကလေး ၁၉ ယောက်နှင့် ဆရာမ ၂ ဦး အသတ်ခံခဲ့ရခြင်း။ ထိုအခြင်းအရာများကြောင့် ကျွန်တော်တို့ ကျောင်းများတွင် စိုးရိမ်ဖိစီးမှုများဖြစ်စေနေသည်မှာ ယုံမှား သံသယဖြစ်စရာမရှိပါ။ ထို့အတွက်ကြောင့် ခရိုင်အတွင်းရှိ အဆောက်အအုံများသို့ ဝင်ခွင့်များကို တင်းကြပ်ရန် သတ်မှတ်ဖြစ်သည်။

အစည်းအဝေးများကို လူကိုယ်တိုင် ကျောင်းအတွင်းတွင် ပြုလုပ်တွေ့ဆုံခြင်းထက်၊ အွန်လိုင်းယန္တရားများဖြစ်တဲ့ ဇွန်မ်း (Zoom), ဝက်ဘ်အက်စ် (WebEx), သို့မဟုတ် တင်မ်း (Teams) ကနေတဆင့် ဆောင်ရွက်ကြပါရန် အကြံပြုအားပေးပါသည်။ သင်တောင်းဆိုသော ကျောင်းအတွင်း အစည်းအဝေးအတွက် ခွင့်ပြုပေးသင့်ခြင်းအတွက်၊ သင်သည်လည်း ကျွန်တော်တို့ ကျောင်းအတွင်းဝင်ခွင့်အတွက် ကျောင်းသား/သူများနည်းတူ စစ်ဆေးရေးတုတ်တံဖြင့် ရှာဖွေခြင်းကို ပြုလုပ်ခံရမည်ကို ကျေးဇူးပြုပြီး သိထားရန်လိုအပ်ပါသည်။

နှစ်ကုန်ပိုင်းအခမ်းအနားများကို ကျင်းပရာတွင် ပိုဆောင်းသော လုံခြုံရေးဆိုင်ရာစစ်ဆေးချက်များ ထည့်သွင်း၍ ပုံမှန်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း ကျေးဇူးပြု၍ သတိချပ်စေလိုပါသည်။
အထူးလေးစားစွာဖြင့်

Dr. Tonja M. Williams,
စာသင်ကျောင်းများယာယီကြီးကြပ်ရေးမှူး